**သတင်း ထုတ်ပြန်ချက်**

***မသန်စွမ်းသူများအခွင့်အရေးရန်ပုံငွေအဖွဲ့မှ ၂၀၂၀ ခုနှစ် အပတ်စဉ် ၁ အဆိုပြုချက်များ တောင်းခံမှုအား ထုတ်ပြန်ကြေညာခြင်း***

**၂၀၂၀ ခုနှစ် မတ်လ ၂ ရက်**
**လတ်တလောထုတ်ပြန်ချက်အတွက်**
**ဆက်သွယ်ရန် - Faith Lemon ၊ အစီအစဉ်ညွှန်ကြားရေးမှူး**
**အီးမေးလ် -** flemon@disabilityrightsfund.org

**မက်ဆာချူးဆက်ပြည်နယ်၊ ဘော့စတွန်မြို့** - မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ရန်ပုံငွေအဖွဲ့ (DRF) သည် - အလှူရှင်များ နှင့် လူ့အခွင့်အရေးများ၊ မသန်စွမ်းသူများ၏ ဖွံ့ဖြိုးတိုးတက် ရေးတွင် အားလုံးပါဝင်လာရန် ထောက်ပံ့ပေးသော ကမ္ဘာလုံးဆိုင်ရာ မသန်စွမ်းအသိုက်အဝန်းများကြား ပူးပေါင်းဆောင်ရွက်ပေးသည့် ထောက်ပံ့ငွေပံ့ပိုးရေးအဖွဲ့ ဖြစ်သည့်အလျောက် - မာလဝီ၊ မြန်မာနှင့် နိုင်ဂျီးရီးယားမှ မသန်စွမ်းသူများပါဝင်သည့်အဖွဲ့အစည်းများ (DPOs) အတွက် အဆိုပြုချက်တောင်းခံလွှာ (RFP) လုပ်ငန်းစဉ် ဖွင့်လှစ်ကြောင်း ကြေငြာလိုက်ပါသည်။ အင်ဒိုနီးရှားမှ DPOs အား ဖိတ်ကြားချက်ဖြင့်သာ လျှောက်ထားရန် ဖိတ်ခေါ်ထားပါသည်။ RFP တင်သွင်းရန် နောက်ဆုံးနေ့မှာ **၂၀၂၀ ခုနှစ် မတ်လ ၂၇ ရက်** ဖြစ်သည်။

သတ်မှတ်ချက်ပြည့်မီမှုဆိုင်ရာ စံချိန်စံနှုန်းများနှင့် RFP အသေးစိတ်အချက်အလက်များကို ရန်ပုံငွေအဖွဲ့ဝက်ဘ်ဆိုဒ် http://www.disabilityrightsfund.org/for-grantseekers/ တွင်ဖော်ပြပေးထားသည့်အတွက် စိတ်ဝင်စားသောအဖွဲ့အစည်းများအား ဝင်ရောက်ကြည့်ရှုရန် တိုက်တွန်းထားပါသည်။ မည်သည့်မေးမြန်းမှုမဆို grants@disabilityrightsfund.org သို့ တိုက်ရိုက်မေးမြန်းနိုင်ပါသည်။

ရန်ပုံငွေအဖွဲ့၏ ရည်မှန်းချက်မှာ ကမ္ဘာတစ်ဝန်းရှိ မသန်စွမ်းသူများအား အမျိုးမျိုးသော လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ရာတွင် ပံ့ပိုးပေးရန်၊ အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ဖြစ်ပေါ်လာစေရန်နှင့် အားလုံးအတွက် တန်းတူအခွင့်အရေးများနှင့် အခွင့်အလမ်းများ ရရှိစေရန်အတွက် ပံ့ပိုးပေးရန်ဖြစ်သည်။ ထောက်ပံ့ကြေးပေးခြင်း၊ ထောက်ခံအားပေးခြင်းနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့ပေးခြင်းတို့မှတစ်ဆင့် DRF သည် မသန်စွမ်းသူအဖွဲ့အစည်းများ (DPOs[1]) ကို မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ သဘောတူညီချက် (CRPD) နှင့် မည်သူမျှနောက်ကျကျန်ခြင်းမရှိစေရန် ဆောင်ရွက်ပေးသည့် - စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းချက်များ (SDGs) ကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ အခွင့်အရေးများနှင့် ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်များကို အသုံးပြုရန် ပံ့ပိုးပေးပါသည်။

လျှောက်ထားမည့်အဖွဲ့အစည်းများမှ ဤသို့ လျှောက်ထားနိုင်သည် -

က) အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် ပူးပေါင်းထားသော အဖွဲ့အစည်းအနေဖြင့် အမေရိကန်ဒေါ်လာ ၅၀၀၀ - ၂၀၀၀၀ ရှိသော တစ်နှစ်တာ **အသေးစားထောက်ပံ့ငွေများ၊**

ခ) နိုင်ငံအဆင့်အောက် DPO ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့များအနေဖြင့် အမေရိကန်ဒေါ်လာ ၃၀၀၀၀ - ၄၀၀၀၀ (နှစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၆၀၀၀၀ - ၈၀၀၀၀) ရှိသော **အလယ်အလတ်အဆင့် ညွန့်ပေါင်းထောက်ပံ့ငွေများ** နှင့်/သို့မဟုတ်

ဂ) နိုင်ငံအဆင့် DPO ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့များအနေဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၀၀၀၀ - ၅၀၀၀၀ (နှစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၆၀၀၀၀ - ၁၀၀၀၀၀) ရှိသော နှစ်နှစ်တာ **နိုင်ငံအဆင့်ညွန့်ပေါင်းထောက်ပံ့ငွေများ။**

---

[1] DRF ၏ "DPO" ဟူသည့် ဝေါဟာရကို နားလည်ထားပုံအရ DPO (မသန်စွမ်းသူများပါဝင်သော အဖွဲ့အစည်း) ဆိုသည်မှာ မသန်စွမ်းသူများ (PWDs) အား ကိုယ်စားပြုသော အဖွဲ့အစည်းများ သို့မဟုတ် မသန်စွမ်းသူများ ပါဝင်သော အဖွဲ့များဖြစ်ပြီး ယင်းအဖွဲ့များ၏ အထွေထွေဝန်ထမ်း အင်အားစု၊ ဘုတ်အဖွဲ့နှင့် လုပ်အားပေး ဝန်ထမ်းအဖွဲ့များတွင် မသန်စွမ်းသူအများစု ပါဝင်ရမည်ဖြစ်ပြီး အဖွဲ့အစည်း၏ အဆင့်တိုင်းတွင် မသန်စွမ်းသူများအား ကောင်းစွာ ကိုယ်စားပြုရမည်ဖြစ်ပါသည်။ ယင်းတွင် PWDs (မသန်စွမ်းသူများ) ၏ ဆွေမျိုးများပါဝင်သော အဖွဲ့အစည်းများ (မသန်စွမ်းကလေးသူငယ်များ၊ ဉာဏ်ရည်နိမ့်ပါးသူများ၊ ဆွံ့အနားမကြားသူများကို ကိုယ်စားပြုသူများ ပါဝင်သည့်အဖွဲ့အစည်းများသာ) ပါဝင်ပြီး ယင်းအဖွဲ့အစည်းများ၏ မူလအရင်းခံရည်ရွယ်ချက်မှာ မသန်စွမ်းသူများကို လုပ်ပိုင်ခွင့်ပေးရန်နှင့် ၎င်းတို့၏ မိမိကိုယ်မိမိ ထောက်ခံအားပေးမှု တိုးမြင့်လာစေရန် ဆောင်ရွက်ပေးဖို့ရာ ဖြစ်ရပါမည်။ ထို့ပြင် DPO များတွင် လူမှုရေးဆိုင်ရာ ပုံစံအရ မသန်စွမ်းမှုအား နားလည်သိရှိထားရပါမည်။

ရည်ရွယ်ထားသည့်နိုင်ငံများတွင် အတည်ပြုလက်မှတ် ရေးထိုးခြင်းနှင့် တရားဥပဒေပြုပြောင်းလဲမှုဖြစ်လာစေရန် အားပေးထောက်ခံပေးနေသော ၎င်း၏အရန်ပုံငွေအဖွဲ့ခွဲဖြစ်သည့် မသန်စွမ်းသူများ၏အခွင့်အရေးများအတွက် တောင်းဆိုထောက်ခံပေးရေးဆိုင်ရာ ရန်ပုံငွေအဖွဲ့အစည်းနှင့်အတူ - DRF သည် ၂၀၀၈ ခုနှစ်ကတည်းကစ၍ နိုင်ငံပေါင်း ၃၇ နိုင်ငံမှ မတူကွဲပြားသည့်အဖွဲ့အစည်း ၃၅၂ ခုကို အမေရိကန်ဒေါ်လာ ၃၅.၉ သန်းကျော် ထောက်ပံ့ပေးခဲ့ပါသည်။

DRF အလှူရှင်များအဖွဲ့တွင် ပါဝင်သော အဖွဲ့အစည်းများမှာ - Boston ဖောင်ဒေးရှင်း၏ Ansara မိသားစု ရန်ပုံငွေ၊ Ford ဖောင်ဒေးရှင်း၊ Estelle Friedman Gervis မိသားစု ရန်ပုံငွေ၊ Joseph P. Kennedy Jr ဖောင်ဒေးရှင်း၊ ပွင့်လင်းလူ့ဘောင်အဖွဲ့အစည်း မြှင့်တင်ရေး ဖောင်ဒေးရှင်း၊ ပွင့်လင်းလူ့ဘောင်အဖွဲ့အစည်း ဖောင်ဒေးရှင်းများ အစိတ်အပိုင်းနှင့် ဗြိတိန်နိုင်ငံအစိုးရ (DFID) ၏ U.K. aid တို့ဖြစ်သည်။ DRAF အား ဩစတြေးလျနိုင်ငံအစိုးရ၏ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန (DFAT) နှင့် ဗြိတိန်နိုင်ငံအစိုးရ (DFID) ၏ U.K. aid တို့မှ ထောက်ပံ့ပေးသည်။ ဤဆက်သွယ်ရေးတွင်ဖော်ပြထားသည့် ရှုထောင့်များသည် ကျွန်ုပ်တို့၏အလှူရှင်များ သို့မဟုတ် ၎င်းတို့ကိုယ်စားပြုသည့် အစိုးရများ၏ တရားဝင်မူဝါဒများကို ထင်ဟပ်ရန် မလိုအပ်ပါ။

####